# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# သတ္တမနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

## (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြား ရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

27-1-2014(Record)

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၄၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၀.၅၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၇-၁-၂၀၁၄ ရက်နေ့မှာကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့အစည်းအဝေးကို မတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူ ၈၂ ဦးအနက် ၁၃ ဦးမှာ ယခင်ကတိုင်ကြားထားပြီး ယနေ့ ခွင့်တိုင်ကြားသူ ၆၉ ဦးရဲ့စာရင်းကို လွှတ်တော်အခွင့်အရေးကော်မတီမှ ကျွန်တော် ဦးစိုးဝင်းက ပန်ကြားသွားမှာဖြစ်ပါတယ်-

(၁) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၅ ရက်၊

(၃) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၂ ရက်၊

(၄) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ် ခွင့် ၅ ရက်၊

(၅) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၆) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၇) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၅ ရက်၊

(၈) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၉) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၁၀) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၁၁) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၁၂) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၂ ရက်၊

(၁၃) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊

(၁၄) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တယ်ဝင် ခွင့် ၅ ရက်၊

(၁၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၅ ရက်၊

(၁၆) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၁၇) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း ခွင့် ၁ ရက်၊

(၁၈) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၁၉) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၃ ရက်၊

(၂၀) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၅ ရက်၊

(၂၁) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၂၂) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၂၃) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၂၄) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၁ ရက်

(၂၅) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၂၆) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၂၇) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၂၈) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၂၉) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၃၀) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁ ရက်၊

(၃၁) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၃၂) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၅ ရက်၊

(၃၃) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊

(၃၄) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၂ ရက်၊

(၃၅) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခွင့် ၁ ရက်၊

(၃၆) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၅ ရက်၊

(၃၇) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၃ ရက်၊

(၃၈) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၅ ရက်၊

(၃၉) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၁ ရက်၊

(၄၀) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၄ ရက်၊

(၄၁) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၃ ရက်၊

(၄၂) ရွှေးတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၅ ရက်၊

(၄၃) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၅ ရက်၊

(၄၄) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၄၅) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၄၆) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၄၇) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၂ ရက်၊

(၄၈) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၃ ရက်၊

(၄၉) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၅၀) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၅၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၅၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်၊

(၅၃) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း ခွင့် ၅ ရက်၊

(၅၄) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၂ ရက်၊

(၅၅) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၅ ရက်၊

(၅၆) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၂ ရက်၊

(၅၇) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၅၈) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၅၉) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၆၀) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၂ ရက်၊

(၆၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၆၂) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၆၃) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၆၄) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၆၅) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၆၆) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၆၇) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဥ်ချမ်း ခွင့် ၁ ရက်၊

(၆၈) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက်၊

(၆၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်တိုင်ကြားသူများကို ခွင့်ပြုပေးနိုင်ရန်အတွက် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး ယနေ့ ခွင့်ပြုထားသူ ၆၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဖြတ်သန်းရာလမ်းတစ်လျှောက်ရှိ ကျေးရွာများ၊ ခြံမြေ၊ လယ်မြေ၊ သစ်တောများနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရေး လုံခြုံမှုအကာအကွယ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးစွာ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံး ကျန်းကျန်းမာမာရှိကြပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ဂါရဝပြုပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်ပါ။ ရခိုင်ပြည်နယ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဖောက်လုပ်တပ်ဆင်ထားတဲ့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများနဲ့ပတ်သက်ပြီးတော့ ပြည်သူတွေရဲ့အကျိုးအတွက် မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ကမ်းလွန်ပင်လယ်ပြင်မှာရှိတဲ့ သဘာဝဓာတ်ငွေ့တွင်းမှရရှိတဲ့ သဘာဝဓာတ်ငွေ့တွေကို ကျောက်ဖြူမြို့ကနေတစ်ဆင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့ကိုဖြတ်ပြီးတော့ ပိုက်လိုင်းသွယ်တန်းပြီးတပ်ဆင်ခဲ့ပါတယ်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းဖောက်လုပ်ရာမှာ ပညာရှင်များရဲ့ သုံးသပ်ချက်အရ ပိုက်လိုင်းထည့်သွင်းမယ့်မြေအနက်ဟာ ၁၅ ပေအနက်ရှိရမှာဖြစ်ပြီးတော့ အသုံးပြုတဲ့သဘာဝဓာတ်ငွေ့ ပိုက်လိုင်းရဲ့အထူဟာလည်း အနည်းဆုံး ၃ လက်မရှိရမယ်လို့ လေ့လာသိရှိရပါတယ်။ သို့သော် ပတ်ဝန်းကျင်ပြည်သူများရဲ့ပြောကြားချက်အရ ယနေ့တပ်ဆင်ထားတဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းထည့်သွင်းမယ့်မြေအနက်ဟာ ၅ ပေက ၆

ပေခန့်သာအနက်ရှိပြီးတော့ အသုံးပြုတဲ့သဘာဝ ဓာတ်ငွေ့ပိုက်ရဲ့အထူဟာလည်း ခန့်မှန်းခြေ ၁.၅ လက်မအထူသာရှိကြောင်းသိရှိရပါတယ်။ ၂၀၁၃ ခုနှစ် မေလမှာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများရဲ့ ခိုင်ခံ့မှုနဲ့ခံနိုင်ရည်အားကို ရေဖိအားထည့်သွင်းပြီး စမ်းသပ်တဲ့အခါ ပိုက်များအက်ကွဲကျိုးပဲ့ထွက်ပြီးတော့ ကွဲထွက်တဲ့နေရာက ထွက်လာတဲ့ရေလုံးရဲ့ အရှိန်ကြောင့် အတန်အသင့်ရှိတဲ့ သစ်ပင်ငယ်တွေ ကျိုးပဲ့လွင့်စင်ထွက်သွားကြောင်းကြားသိရပါတယ်။ အမ်းနားမှာရှိတဲ့ ကြက်ရေစမ်းနှင့်အမ်းကြား ငါးနေရာပိုက်များကွဲထွက်မှုရှိပြီး ကြက်ရေစမ်းနှင့် ပဒါန်း လမ်းကြား လေးနေရာမှာ ကွဲအက်မှုအခြေအနေတွေအလွန်ဆိုးဝါးကြောင်း သိရှိခဲ့ရပါတယ်။ ပိုက်လိုင်း ဖောက်လုပ်မှုမှာ ပိုက်လိုင်းထည့်သွင်းမြှုပ်နှံမှု၊ ချိတ်ဆက်မှု၊ မြေဖို့မှု၊ မြေသိပ်မှုများ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနဲ့မကိုက်ညီတဲ့အတွက် မိုးသည်းထန်စွာ ရွာသွန်းသည်နှင့်တစ်ပြိုင်နက် မြေတွေပြို ကျခြင်း၊ နိမ့်ဆင်းခြင်း၊ လမ်းများပိတ်ဆို့ခြင်း၊ မြေကြီးအက်ကွဲမှုတွေဖြစ်ပေါ်ခြင်းတို့ကြောင့် ဒေသခံ ပြည်သူများရဲ့ ပိုက်လိုင်းတစ်လျှောက်နေထိုင်ကြတဲ့ ကျေးရွာပြည်သူများအတွက် ဘေးအန္တရာယ် ကျရောက်မယ့်အခြေအနေကို ပြည်သူတွေက စိုးရိမ်ထိန့်လန့်နေကြကြောင်း ကြားသိရပါတယ်။ သို့အတွက် ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာ လမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေ၊ ခြံမြေ၊ လယ်မြေ၊ သစ်တောတွေနဲ့ပြည်သူများ ဘေးအန္တရာယ်လုံခြုံကင်းဝေးစေဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ နိုင်ငံတကာစံနှုန်းများနဲ့စစ်ဆေးပြီးတော့ လုံခြုံမှုအကာအကွယ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါတယ်။ အကယ်၍ အစီအစဉ်ရှိပါက မည်ကဲ့သို့ကြိုတင်ကာကွယ်ထားတယ်၊ မည်သို့ပြုလုပ်ပေးမယ်ဆိုတာကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာကြ စေရန် ဆုမွန်ကောင်းတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော် စွမ်းအင် ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးမှ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်ရဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများ၊ ခြံမြေများ၊ လယ်မြေများ၊ သစ်တောများနှင့် ပြည်သူများ ဘေးအန္တရာယ်လုံခြုံကင်းဝေးစေ ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်စစ်ဆေး၍ လုံခြုံအကာအကွယ်

ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားပါမယ်။ ပထမတစ်ချက်ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းမှာ သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းဖောက်လုပ်ရာတွင် ပညာရှင်များ၏ သုံးသပ်ချက်အရ ပိုက်လိုင်း ထည့်သွင်းမည့်မြေအနက်သည် ၁၅ ပေ အနက်ရှိရမည်ဖြစ်ပြီး၊ အသုံးပြုသဘာဝဓာတ်ငွေ့ပိုက်လိုင်း အထူမှာ ၃ လက်မရှိရမည်ဟုလေ့လာထားရှိရပါကြောင်း မေးထားတာနဲ့ပတ်သက်ပြီးတော့ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်းဆောင်ရွက်ရာမှာ သွယ်တန်းမယ့်ပိုက်လိုင်းအရှည်၊ ပို့လွှတ်မယ့်ဓာတ်ငွေ့ရဲ့ထုထည်ပမာဏနှင့် ပို့လွှတ်မယ့်ဓာတ်ငွေ့ရဲ့ဖိအားပေါ်မူတည်ပြီးတော့ နိုင်ငံ တကာစံချိန်စံညွှန်းနှင့်အညီ Engineering Design ရေးဆွဲ၍ ပိုက်လိုင်းရဲ့အချင်း၊ ပိုက်လိုင်း အသားရဲ့အထူနဲ့ ပိုက်လိုင်းအမျိုးအစားတို့ကို ရွေးချယ်သတ်မှတ်ရပြီး ပို့လွှတ်မည့်ဓာတ်ငွေ့ပမာဏနှင့် ဖိအားပေါ်မူတည်၍ အနည်းဆုံး ၀.၃ လက်မအထူရှိရမှာဖြစ်ပါတယ်။ ယခုသွယ်တန်းထားတဲ့ ရွှေ သဘာဝဓာတ်ငွေ့ပိုက်လိုင်းရဲ့အထူက ၀.၈ လက်မရှိပြီး၊ အချင်းက လက်မ ၄၀ ရှိပါတယ်။ ပိုက်အမျိုး အစားအနေနဲ့ကတော့ API လို့ခေါ်တဲ့ American Petroleum Institute ရဲ့ဒီဇိုင်းဖြစ်တဲ့ 5L X-70 PSL-2 ဆိုတဲ့ Longitudinal Sumerged Arc Welding ပိုက်ဖြစ်ပါတယ်။ ဒီပိုက်များကိုဝယ်ယူရန် တင်ဒါခေါ်ယူစဉ်ကပင် ထုတ်လုပ်ပေးသွင်းမယ့် ကုမ္ပဏီများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စိစစ်ရွေးချယ်ခဲ့ပြီး ကျွမ်းကျင်နားလည်တဲ့ပညာရှင်အဖွဲ့နဲ့ အရည်အသွေးစစ်ဆေးခြင်း၊ International Standard, API (American Petroleum Institute) Standard များနှင့်ကိုက်ညီမှုရှိ/မရှိစစ်ဆေး ခြင်းများပြုလုပ်ပြီးမှ တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ မိမိတို့နိုင်ငံအတွင်းမှာဆက်သွယ်ခင်းကျင်းထားတဲ့ အခြားပိုက်လိုင်းတွေကို ဥပမာပြောရမယ်ဆိုလို့ရှိရင်တော့ ရဲတံခွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆိုရင် အချင်းက ၂၄ လက်မရှိပြီး အထူက ၀.၇ လက်မရှိပါတယ်။ ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းဆိုရင် အချင်းက ၃၆ လက်မရှိပြီး အထူက ၀.၇ လက်မရှိပါတယ်။ ဇော်တိကသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာ အချင်းက ၂၈ လက်မရှိပြီး အထူက ၀.၇ လက်မ စသည်ဖြင့် အသီးသီးရှိကြပါတယ်။ International Standard သတ်မှတ်ချက်အရ ပိုက်လိုင်း ထည့်သွင်းမြှုပ်နိုင်မယ့်အနက်ပေဟာ အနည်းဆုံးတစ်မီတာ မြေအနက်ရှိရင်လုံခြုံစိတ်ချရပြီးဖြစ်ပါတယ်။ ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ပျမ်းမျှခြင်းအားဖြင့် မြေအနက် ၆ ပေမှာ စနစ်တကျမြှုပ်နှံထားခြင်းဖြစ်သဖြင့် လုံခြုံစိတ်ချရမှုရှိပါကြောင်း တင်ပြလိုပါ တယ်။

ထပ်မံပြီး ၂၀၁၃ ခုနှစ် မေလမှာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများရဲ့ ခိုင်ခံ့မှုနှင့် ခံနိုင်ရည်အား ကိုရေဖြင့် ထည့်သွင်းဖိအားစမ်းသပ်တဲ့အခါမှာ ပိုက်များအက်ကွဲကျိုးပဲ့ထွက်ပြီး ကွဲထွက်သွားတဲ့နေရာ မှထွက်လာသောရေလုံးအရှိန်ကြောင့် အတန်အသင့် သစ်ပင်ငယ်များကျိုးပဲ့လွင့်စင်ကြောင်း ကြားသိရ သည်ဆိုတဲ့မေးခွန်းလေး အဆိုလေးနဲ့ပတ်သက်ပြီးတော့ ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ရခိုင်ပြည်မှ နယ်စပ်မူဆယ်အထိ ဆက်သွယ်ထားပြီး ပိုက်လိုင်းဆက်သွယ်မှု၊ ခံနိုင်ရည်ရှိ/မရှိကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ X-Ray ပထမ ကျွန်တော်တို့ ရိုက်ပြီးတော့စစ်ဆေးပါတယ်။ Sonic ဆိုတဲ့ အသံလွှတ်ပြီးတော့ ရိုက်ပြီးတော့လည်းစစ်ဆေးပါတယ်။ နောက် တတိယအချက်ကတော့ ပိုက်လိုင်း ထဲကို ရေဖြည့်ပြီးတော့ ရေကို Pressure ၂၀၀ PSI၊ ၅၀၀ PSI၊ ၇၀၀ PSI၊ ၁၀၀၀ PSI၊ ၁၂၀၀ PSI၊ ၁၅၀၀ PSI စသည်ဖြင့် တဖြည်းဖြည်းချင်းဖိအားမြှင့်ပြီးတော့ အဆင့်ဆင့်စမ်းသပ်ခဲ့ပါတယ်။ အဲ့ဒီလိုစမ်းသပ် နေတဲ့အချိန်မှာ ပိုက်လိုင်းနှင့်ပတ်သက်၍ ချို့ယွင်းအားနည်းချက် တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ခြင်းမရှိ ကြောင်းကို အသိပေးတင်ပြလိုပါတယ်။ ထိုကဲ့သို့ ပိုက်လိုင်းစမ်းသပ်ပြီးနောက် ပိုက်လိုင်းအတွင်းမှာ ရှိတဲ့ရေကို Valves များဖွင့်ပြီး ဟာထုတ်တဲ့အချိန်မှာ ပိုက်လိုင်းထဲမှာရှိတဲ့ဖိအားအရှိန်ကြောင့် မြက်ပင် နဲ့အချို့သစ်ပင်ငယ်များယိမ်းယိုင်သွားမှုသာဖြစ်ပွားတာဖြစ်ပါတယ်။ သို့ပါ၍ ကြက်ရေစမ်းနှင့် ပဒါန်း လမ်းကြားလေးနေရာမှာ ကွဲမှုအခြေအနေအလွန်ဆိုးဝါးကြောင်းကြားသိရပါသည် ဆိုသည်မှာလည်းပဲ မှန်ကန်မှုမရှိပါကြောင်း အသိပေးတင်ပြလိုပါတယ်ခင်ဗျား။

ဆက်လက်ပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းလုံခြုံမှုအပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ထား မှုနဲ့ပတ်သက်ပြီးတော့ သဘာဝဓာတ်ငွေ့ထုတ်ယူတဲ့စခန်းများ၊ ပိုက်လိုင်းများမှာ အသုံးပြုတဲ့ပစ္စည်း ကိရိယာအားလုံးဟာ ကျွန်တော်တို့ ဓာတ်ငွေ့ဖိအား ၁၅၀၀ PSI ခံနိုင်ရည်ရှိတဲ့ပစ္စည်းများဖြစ်ပြီးတော့ ကျွန်တော်တို့ ဒီမှာ ပို့လွှတ်မယ့် သဘာဝဓာတ်ငွေ့ရဲ့ဖိအားဟာအများဆုံး ၉၀၀ PSI ပဲရှိပါတယ်။ သဘာဝဓာတ်ငွေ့ပို့လွှတ်တဲ့အခါမှာလည်း ဖိအားက အကြောင်းကြောင်းကြောင့် မြင့်တက်လာလို့ရှိရင် လည်း သူ့ဟာသူ အလိုအလျောက်ဟာထုတ်တဲ့စနစ် Pressure Safety Valve ဆိုတဲ့ (PSV) တွေကို လည်း ကျွန်တော်တို့ ပိုက်လိုင်းတစ်လျှောက်မှာတပ်ဆင်ထားပြီးတော့ ဖိအားမြင့်တက်မှု ကြိုတင် ကာကွယ်ထားပါတယ်။ အရေးပေါ်အခြေအနေပေးစနစ် (Alarm) များ၊ မီးသတ်ဆေးဗူးတွေ၊ မီးသတ် ရေလိုင်းများ၊ စုရပ်များထားရှိပြီးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ စီမံထားရှိပြီး ဖြစ်ပါတယ်။ ဓာတ်ငွေ့ယိုစိမ့်မှုရှိလို့ရှိရင် သိရှိနိုင်ဖို့အတွက် Gas Detector တွေ၊ မီးခိုးအငွေ့အသက်

များထွက်ပေါ်လာလို့ရှိရင်သိရှိနိုင်ဖို့အတွက် Smoke Detector တွေ၊ နောက်ပြီး မီးပွင့်မီးတောက်များ ကိုသိရှိနိုင်ရန်အတွက် Flame Detector များကိုလည်း တပ်ဆင်ထားတာဖြစ်ပါတယ်။

ပိုက်လိုင်းစောင့်ကြည့်ရေးစနစ်အနေနဲ့ဆိုရင် ကျွန်တော်တို့ သဘာဝဓာတ်ငွေ့ဟာ ဒီသွယ်တန်းထားတဲ့ ပိုက်လိုင်းအတွင်းမှာသာဖြတ်သန်းသွားတဲ့အတွက် ပိုက်လိုင်းပတ်ဝန်းကျင်မှာ မည်သည့်အကျိုးအပြစ်မှ ဖြစ်ပေါ်စေရန်အကြောင်းမရှိပါဘူး။ တစ်စုံတစ်ခုသော သက်ရောက်မှုတစ်ခုခုကြောင့် ပိုက်လိုင်းကျိုးပေါက်ပြီး သဘာဝဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပေါ်လာလို့ရှိရင်လည်း အမြန်ဆုံးပြုပြင်နိုင်ရန်အတွက် ခေတ်မီစောင့်ကြည့်ထိန်းချုပ်ခြင်းစနစ်ဖြစ်တဲ့ Supervisory Control and Data Acquisition ခေါ်တဲ့ SCADA System နှင့် ထိန်းချုပ်ပြီးတော့ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ မန္တလေး Control Station မှာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်းရှိ Gas Volume, Gas Temperature and Gas Pressure နဲ့ရေနံစိမ်းပိုက်လိုင်းအတွင်းရှိ Crude Oil Volume, Crude Oil Pressure, Crude Oil Temperature, Flow rate တွေကိုပုံမှန်အတိုင်းရှိ/မရှိကို ကျွန်တော်တို့ SCADA System နဲ့ ၂၄ နာရီစောင့်ကြည့်စစ်ဆေးနေပါတယ်။ Control Station များ၊ တယ်လီဖုန်းများ၊ VHS စကားပြောစက်များတပ်ဆင်ထားရှိပြီး ထူးခြားမှုဖြစ်ပေါ်လျှင် သက်ဆိုင်ရာ Control Station များသို့ချက်ချင်းအကြောင်းကြားပြီး Emergency Shut Down Valve အရေးပေါ်ဘားများ ပိတ်ပြီးတော့ လုပ်ငန်းကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။

ထို့အပြင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသို့လည်း အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားသွားမှာ ဖြစ်ပါတယ်။ အရေးပေါ်အခြေအနေမှာ ကြိုတင်ပြုလုပ်ထားရှိမှုနှင့်ပတ်သက်လို့-

ကျွန်တော်တို့ (က) အရေးပေါ်အခြေအနေမှာ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုတို့အတွက် လိုအပ်တဲ့ပစ္စည်းကိရိယာအထောက်အပံ့များပေးဖို့အတွက် စီမံထားရှိပြီးဖြစ်ပါတယ်။ (ခ)အနေနဲ့က အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းထားပြီး သင်တန်းပေးခြင်းများ ဆောင်ရွက်ထားရှိခြင်းလည်းဖြစ်ပါတယ်။ နောက်ပြီးတော့ အရေးပေါ်ရန်ပုံငွေတစ်ရပ်ထူထောင်ထားရှိပြီးလည်း ဖြစ်ပါတယ်။ ဒေသန္တရဆေးရုံများနှင့်ချိတ်ဆက်၍ အရေးပေါ် ဆေးဝါးကုသမှုအစီအစဉ်များလည်း ပြင်ဆင်ထားရှိပြီးဖြစ်ပါတယ်။ အရေးပေါ်ဖြေရှင်းဆောင်ရွက်ရေးအတွက် သင်တန်းပေးခြင်းနှင့်ပတ်သက်ပြီးတော့လည်း ဝန်ထမ်းများကိုအရေးပေါ်အခြေအနေမှာ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတားဆီးရေးအတွက် အသိပညာဗဟုသုတများဖြန့်ဝေပေးခြင်း၊ လိုက်နာဆောင်ရွက်စေခြင်းများကိုလည်း ကျွန်တော်တို့ စီစဉ်

ပြီးဖြစ်ပါတယ်။ အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကြုံတွေ့လို့ရှိရင်လည်း ကြုံလာပါကအမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်သင်တန်းပေးထားခြင်း၊ အစမ်းလေ့ကျင့်ခြင်းများလည်း ကျွန်တော်တို့ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်များ အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအစီအစဉ်ကိုလည်း နှစ်နှစ်လျှင်တစ်ကြိမ် လေ့ကျင့်ဆောင်ရွက်ရန် စီမံထားရှိပြီးဖြစ်ပါတယ်။ လိုအပ်လို့ရှိရင်လည်း ကျွန်တော်တို့ တစ်နှစ်တစ်ကြိမ်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကြိုတင်ကာကွယ်မှုနှင့် စစ်ဆေးမှုအနေနဲ့ကတော့ လျှပ်စစ်ပစ္စည်းတပ်ဆင်ထားတဲ့အခန်းတွေမှာ ဝါယာရှော့ဖြစ်ပြီးတော့ မီးလောင်မှုမဖြစ်စေဖို့အတွက် အလိုအလျောက် မီးငြိမ်းသတ်တဲ့စနစ်ကိုလည်းတပ်ဆင်ထားရှိပြီးဖြစ်ပါတယ်။ ပိုက်လိုင်းအတွက် မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေး၊ ပိုက်လိုင်းလုံခြုံစိတ်ချမှုအစီအမံများနှင့် မီးသတ်ဆိုင်ရာပစ္စည်းများကိုလည်း စနစ်တကျစီမံဆောင်ရွက်ထားပါတယ်။ မီးငြိမ်းသတ်မှုစနစ်၊ မီးကြိုတင်သတိပေးချက်နှင့် အချက်ပြထိန်းချုပ်မှုစနစ်၊ အရေးပေါ်အလိုအလျောက်ရပ်ဆိုင်းတဲ့ Emergency Shut Down System မိုးကြိုးလွှဲစနစ်နှင့် ကာကွယ်ရေးပစ္စည်းအပြည့်အစုံ စီမံထားရှိမှုတို့ကိုလည်း စနစ်တကျ ကျွန်တော်တို့ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက်မှာရှိတဲ့ ကျောက်ဖြူသဘာဝဓာတ်ငွေ့ပို့လွှတ်ရေးစခန်း၊ ရေနံချောင်းသဘာဝဓာတ်ငွေ့ထုတ်ယူရေးနှင့်ဖိအားမြှင့်စခန်း၊ တောင်သာသဘာဝဓာတ်ငွေ့ ထုတ်ယူရေးစခန်း၊ မန္တလေး(ဘဲလင်း)သဘာဝဓာတ်ငွေ့ထုတ်ယူရေးစခန်း၊ ပြင်ဦးလွင်သဘာဝဓာတ်ငွေ့မြှင့်တင်ရေးစခန်းနှင့် နမ့်ခမ်းသဘာဝဓာတ်ငွေ့တိုင်းတာရေးစခန်းတို့မှာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကျွန်တော်တို့ ဒီ Standard ပေါ့ GB-50183 ရဲ့အဆင့် (၅) သတ်မှတ်ချက်များနှင့်ထားရှိ ပြီးတော့လည်းပဲ အဲ့ဒီဖော်ပြပါစခန်းများမှာ လိုအပ်တဲ့မီးသတ်ပစ္စည်းများ၊ အမျိုးအစား၊ အရေအတွက် အားလုံးကိုလည်း ထားရှိပြီးဖြစ်ပါတယ်။ ပိုက်လိုင်းတစ်လျှောက်မှာလည်း မိုးကြိုးလွှဲစနစ်ကို နိုင်ငံတကာစံချိန်သတ်မှတ်ချက်ဖြစ်တဲ့ IEC-62305 အရလည်း ဒီဇိုင်းပြုလုပ်ပြီးတော့ ကျွန်တော်တို့ တပ်ဆင်ထားတာလည်းဖြစ်ပါတယ်။ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ တားဆီးရေး၊ ပိုက်လိုင်းလုံခြုံ စိတ်ချမှုအစီအစဉ်အမှန်များနှင့် မီးသတ်ဆိုင်ရာပစ္စည်းကို စနစ်တကျဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်ပြီးတော့ အထက်ဖော်ပြခဲ့တဲ့ Emergency Shut Down System တွေ၊ နောက်ပြီးတော့ ဒီလိုအပ်တဲ့ မီးသတ်ပစ္စည်းအမျိုးအစား၊ အရေအတွက်ထားရှိမှုတွေ၊ နောက်ပြီးတော့ မိုးကြိုးလွှဲကိုလည်းပဲ စနစ်တကျတားဆီးမှုရေအရင်းအမြစ်ရရှိမှုနှင့်ပတ်သက်ပြီးတော့လည်း စခန်းအသီးသီးမှာ မီးငြိမ်းသတ်တဲ့အခါမှာ အသုံးပြုတဲ့ နေ့စဉ်နှင့်စခန်းသုံးရေရရှိဖို့အတွက် အဝီစိတွင်းနှစ်တွင်းစီတူးဖော်ထားရှိပြီး Punk နှစ်လုံးတပ်ဆင်

ထားပါတယ်။ တစ်လုံးကိုတော့ ပုံမှန်မောင်းနှင်ပြီးတော့ ကျန်တစ်လုံးကိုတော့ Stand By အဖြစ်နဲ့ထား ရှိတာဖြစ်ပါတယ်။ စစ်ဆေးမှုနဲ့ပတ်သက်လို့လည်း မန္တလေးမြို့မှာရှိတဲ့ Control Station မှာရှိတဲ့ ဒီ Scatter System ကနေပြီးတော့ ၂၄ နာရီစောင့်ကြည့်ကြီးကြပ်တဲ့အပြင် ကျွန်တော်တို့ဟာ ပိုက်လိုင်း လမ်းကြောင်းတစ်လျှောက်မှာလည်း ပိုက်လိုင်းလျှောက်လုပ်သားများခန့်အပ်ပြီးတော့ လမ်းကြောင်း အခြေအနေကိုလည်း နေ့စဉ်စစ်ဆေးသွားမှာဖြစ်ပါတယ်။ အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်ခြင်း နှင့်ပတ်သက်လို့ အရေးပေါ်အချိန်ကူညီကယ်ဆယ်ရေးလုပ်သားများကို အောက်ပါအတိုင်းဆောင်ရွက် သွားမှာဖြစ်ပါတယ်။

ရှေးဦးစွာအရေးပေါ်ဆောင်ရွက်ရေးအဖွဲ့ကနေ အခင်းဖြစ်ပွားတဲ့နေရာကိုရောက်ရှိပြီး ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် နည်းပညာ၊ ပစ္စည်းများထောက်ပံ့နိုင်ရန် ဆောင်ရွက်ရမှာဖြစ်ပါ တယ်။ ဆက်လက်ပြီးကုမ္ပဏီအရေးပေါ်ရုံးသို့ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးဆောင်ရွက်မှု များကို တင်ပြရမှာဖြစ်ပါတယ်။ လုပ်ငန်းကြီးကြပ်အဖွဲ့အနေနဲ့ ကယ်ဆယ်ရေးအဖွဲ့များ နေရာ ရွှေ့ပြောင်းရေးလုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကုမ္ပဏီရဲ့အရေးပေါ်ရုံးမှာ ပြင်ပနည်းပညာအကူအညီ၊ ဆေးဝါး၊ သယ်ယူပို့ဆောင်ရေး၊ မီးသတ်လုပ်ငန်းဆိုင်ရာပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် အခြားလိုအပ်တဲ့အထောက်အပံ့များကိုလည်း ရယူတောင်းခံနိုင်ပါ တယ်။ ကယ်ဆယ်ရေးအဖွဲ့အနေနဲ့ လက်ရှိဆက်လက်ပြီး လိုအပ်တဲ့ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပေါ်ပေါက်လာပါကဆောင်ရွက်ရန် အသင့်အနေအထားရှိဖို့လည်း စီစဉ်စီမံထားပြီးဖြစ်ပါတယ်။ နောက် အခင်းဖြစ်ပွားတဲ့နေရာမှာ အရေးယူဆောင်ရွက်တဲ့ပုံစံပေါ့၊ လုပ်ကိုင်တဲ့အခြေအနေလေးကို ကျွန်တော့်အနေနဲ့ အချိန်ကိုငဲ့ညှာတဲ့အားဖြင့် နောက်ပြီးတော့ အသေးစိတ်အစီအစဉ်တွေ ဖြန့်ဝေထား ပြီးဖြစ်တဲ့အလျှောက် အသေးစိတ်မဖတ်ကြားတော့ဘဲနဲ့ ဒီ တကယ်လို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းယိုစိမ့်မှုဖြစ်လို့ရှိရင် လုပ်ဆောင်ရမယ့်အစီအစဉ်တွေ၊ တကယ်လို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဟာယိုစိမ့်ပြီးမီးလောင်ပေါက်ကွဲလို့ရှိရင် လုပ်ဆောင်ရမယ့်အစီအမံတွေ၊ တကယ်လို့ ရေနံ နှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းယိုစိမ့်မီးလောင်ပေါက်ကွဲပြီး အန္တရာယ်ရှိစေနိုင်တဲ့ပစ္စည်းများ ထုတ်လွှတ်မှုဖြစ်ပွားခဲ့လျှင် ဆောင်ရွက်ရမယ့်အစီအမံများနဲ့ အကယ်၍ ရေနံ သို့မဟုတ် သဘာဝ ပိုက်လိုင်းရဲ့မီးရထားလမ်း၊ အဝေးပြေးကားလမ်းမများ ဖြတ်သန်းရာနေရာမှာ ယိုစိမ့်မှုဖြစ်လျှင် လုပ်ဆောင်ရမယ့်အစီအစဉ်များနှင့်တကွ နိုင်ငံခြားသားခရီးသည်များ ဆွဲဆောင်မှုရှိတဲ့နေရာတွေ ရှေးဟောင်းယဉ်ကျေးမှုများတည်ရှိရာ နေရာများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်ခဲ့မှုဖြစ်

ခဲ့လို့ရှိရင် ဆောင်ရွက်မယ့်အစီအမံများကိုလည်း ကျွန်တော်တို့ စီမံထားရှိပြီးဖြစ်ပါတယ်။ နောက်ဆုံး အနေနဲ့ကတော့ အရေးပေါ်အခြေအနေတွေ ကျွန်တော်တို့ အခြေအနေအရပ်ရပ်ကို ပြန်လည်ထိန်းချုပ် ဆောင်ရွက်နိုင်ပြီးလို့ရှိရင် အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းခြင်းလုပ်ငန်းကိုလည်း ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မော်လိုက်မြို့နယ်၊ အင်းတော်ဒေသတွင် မူလသဘာဝဓာတ်ငွေ့တွင်း(၂)တွင်းနှင့် စမ်းသပ်တူးဖော်သည့် တွင်း(၁)တွင်းတို့ကို သဘာဝဓာတ်ငွေ့ပမာဏတိုင်းတာသည့် ကျွမ်းကျင်ပညာရှင်များစေလွှတ်ရန်နှင့် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသောင်း မော်လိုက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကာယသုခ၊ စိတ္တသုခနှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မော်လိုက်မြို့နယ်မှာ ၁၉၄၈၊ ၁၉၄၉ ခုနှစ် လောက်ကစပြီးတော့မှ ကျွန်တော်တို့ IPP ကုမ္ပဏီကနေပြီးတော့မှ ရေနံတွင်းပေါင်း ၇၅ တွင်း တူးခဲ့ ပါတယ်။ အဲ့လိုတူးခဲ့တဲ့အခါမှာ ကျွန်တော်တို့ ရေနံစိမ်းထွက်တဲ့တွင်းက ၄၅ တွင်း၊ သဘာဝဓာတ်ငွေ့ တွင်းက နှစ်တွင်း၊ ဆားငံရည်ထွက်တဲ့တွင်းက တစ်တွင်း စုစုပေါင်း ၄၈ တွင်း တူးဖော်အောင်မြင်ခဲ့တယ် လို့သိရှိရပါတယ်။ အဲ့ဒီ ၄၅ တွင်းက ထွက်လာတဲ့ရေနံစိမ်းများကို စုဆောင်းတာတို့၊ သယ်ပို့တာတို့ကို ကျွန်တော်တို့ သဘာဝဓာတ်ငွေ့တွင်းကနေပြီးတော့မှ လေရဲ့ဖိခံတွန်းအားနဲ့ ကျွန်တော်တို့ ရေနံများကို စုဆောင်းပါတယ်။ အဲ့လို ၄၅ တွင်းကထွက်လာတဲ့ ရေနံများကို ကျွန်တော်တို့ တွင်းနံပါတ်(၁၀) မှာ ဂါလန် ၁၀၀၀၀၀၀ ဆံ့တဲ့ သံကန်ကြီးတစ်လုံးရှိပါတယ်။

နောက်ကျွန်တော်တို့ အင်းတော်ကနေပြီးတော့မှ ၂၇ မိုင်ဝေးတဲ့ ပန်းသာကျေးရွာမှာ ကျွန်တော် အင်းတော်ကနေပြီးမှ ပို့တဲ့ရေနံကို လက်ခံဖို့အတွက် ဂါလန် ၁၀၀၀၀၀၀ ဆံ့တဲ့ သံကန်ကြီးတည် ဆောက်ထားပါတယ်။ အဲ့ဒီ ၂၇ မိုင်ဝေးတဲ့ သံကန်တစ်ခုနဲ့တစ်ခုပို့တဲ့အခါမှာလည်းပဲ သဘာဝ ဓာတ်ငွေ့တွင်းကထွက်တဲ့ တွန်းအားပမာဏနဲ့ ရေနံကိုသယ်ပို့တယ်လို့သိရှိရပါတယ်။ အဲ့လိုသိရှိရ တဲ့အကြောင်းရင်းကတော့ ကျွန်တော်တို့ ၁၉၇၄ ခုနှစ်က ကျွန်တော် အင်းတော်ကိုရောက်ပါတယ်။

ဦးသိန်းမောင်တို့၊ ဦးကြာစိုင်တို့၊ ဦးလှမောင်တို့ သူတို့ကိုယ်တိုင်ပို့ခဲ့တဲ့၊ သယ်ခဲ့တဲ့အကြောင်းကို လည်းပဲ ကျွန်တော့်ကို ပြောပြပါတယ်။ ကျွန်တော်လည်း အင်းတော်ဒေသကို ရှစ်ခေါက်လောက်ရောက် ဖူးပါတယ်။ သဘာဝဓာတ်ငွေ့တွင်း နှစ်တွင်းဟာ ဒီနေ့အထိ ကျွန်တော်တို့ အဲ့ဒီအင်း တော်ဒေသမှာရှိတဲ့ ပုဂ္ဂိုလ်များဟာ ထမင်းချက်တာ၊ ဟင်းချက်တာ ကျွန်တော်တို့ မီးထွန်းတာ အဲ့ဒီဓာတ်ငွေ့တွေနဲ့ ဒီနေ့ အထိ သုံးနေတုန်းရှိပါသေးတယ်။ အခုတွင်းတွေ လက်ကျန်အနေနဲ့ကတော့ ကျွန်တော်တို့ ၄၅ တွင်း လက်ကျန်အနက်က ရွှေမဲရတနာစက်မှုကုန်ထုတ်သမဝါယမအသင်းက ရေနံတွင်း ၁၆ တွင်း၊ ချင်းတွင်း အောင်ရေနံကုန်ထုတ်သမဝါယမအသင်းက ရေနံတွင်း ငါးတွင်း၊ အင်းတော်ရဲ့မြောက်ဘက် ငါးမိုင်ခန့် အကွာမှာ ဝေလုံရေနံတွင်းဆိုတာ ၁၉၇၈ ခုနှစ်က ကျွန်တော်တို့ နိုင်ငံတော်အစိုးရကနေပြီးတော့မှ တူးခဲ့ တဲ့တွင်းဖြစ်ပါတယ်။

အဲ့ဒီတွင်းဟာဆိုလို့ရှိရင် ကျွန်တော်တို့ သဘာဝ သူ့အတိုင်း တစ်နေ့တစ်နေ့ကို ပေပါ ငါးလုံး ငါးလုံးထွက်ပါတယ်။ ၁၅ ရက်၊ ၁၆ ရက် တစ်ကြိမ်မှာ ရေနံဟာ ပေပါ ၁၅၀ ထွက်ပါတယ်။ အဲ့ဒီအချိန် တုန်းက ကျွန်တော်အလုပ်သမားအစည်းအရုံးမှာ အတွင်းရေးမှူး(၁) လုပ်နေတဲ့အခါကျတော့ အဲ့ဒီကို ရောက်သွားပါတယ်။ အဲ့လိုသယ်နေတာကိုလည်း ကျွန်တော်တို့ သိရပါတယ်။ အဲ့ဒီရေနံဟာဆိုလို့ရှိရင် လေယာဉ်ဆီချက်လို့လည်းရတယ်လို့ သိရှိရပါတယ်။ ၂၀၀၃-၂၀၀၄ မှာဆိုလို့ရှိရင် MOGE ကနေပြီး တော့မှ ကျွန်တော်တို့ တွင်းနံပါတ်(၁၇) နေရာမှာတူးပါတယ်။ တူးတဲ့အခါကျတော့မရဘူး။ တောင်ထိပ် ပေါ်တက်တူးလိုက်တဲ့အခါကျတော့ သဘာဝဓာတ်ငွေ့တွေ များစွာထွက်ပါတယ်။ မီးရှို့လိုက်တဲ့အခါမှာ ကျွန်တော်တို့ အထက်ကို ဝါးတစ်ရပ်လောက်မြင့်တက်နေတာကို တွေ့ရှိရပါတယ်။ အရင်တုန်းကထွက် နေတဲ့ ဓာတ်ငွေ့နှစ်တွင်းရယ်၊ န.ဝ.တ၊ န.ယ.က ခေတ်က တူးထားတဲ့ဓာတ်ငွေ့ သုံးတွင်းပေါင်းမယ် ဆိုလို့ရှိရင် သဘာဝဓာတ်ငွေ့ဟာ အင်အားကြီးမားတဲ့ တွန်းကန်အားများတဲ့ သဘာဝဓာတ်ငွေ့ဆိုတာ ကျွန်တော်တို့ သိရှိရပါတယ်။

အဲ့ဒီသဘာဝဓာတ်ငွေ့ သုံးတွင်းမှ ဓာတ်ငွေ့များကို စုဆောင်းပြီးတော့ ဓာတ်ငွေ့စက်ရုံ၊ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် GAS TURBINE ENGINE ကို တည်ဆောက်မယ်ဆိုလို့ရှိရင် ဆောက် နိုင်တာက ကျွန်တော်တို့ အင်းတော်ကနေပြီးတော့ ၂၇ မိုင်ဝေးတဲ့ ပန်းသာနေရာမှာ တစ်နေရာ၊ ၂၁ မိုင် ဝေးတဲ့ တောင်းအင်ကျေးရွာနေရာမှာ တစ်နေရာ၊ ၂၉ မိုင်ဝေးတဲ့ ကြာအင်းကျေးရွာမှာ တစ်နေရာ၊ ၂၈ မိုင်ဝေးတဲ့ လောင်းကောင်းကျေးရွာတို့မှ တည်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ GAS TURBINE ENGINE တည်ဆောက်လို့ရပါတယ်။

သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံတည်မယ်ဆိုလို့ရှိရင် အောင်မြင်မှုရရှိမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒေသတွင်း မော်လိုက်မြို့နယ်မှာရှိတဲ့ကျေးရွာတွေ၊ ဖောင်းပြင်မြို့နယ်မှာရှိတဲ့ကျေးရွာတွေ၊ ကလေးဝမြို့နယ်တွင်းမှာရှိတဲ့ကျေးရွာတွေကို ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားပေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးဟာ တကယ်တမ်းဆိုလို့ရှိရင် အစစအရာရာဖွံ့ဖြိုးမှုနောက်ကျနေပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ သဘာဝဓာတ်ငွေ့သာ အောင်မြင်လိုက် မယ်ဆိုလို့ရှိရင် ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်တို့ဟာ လျှပ်စစ်မီးဓာတ်အားသုံးနိုင်မယ့် အခြေအနေမျိုးရှိပါတယ်။

ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့မေးမြန်းချင်တာကတော့ ဒေသဖွံ့ဖြိုးရေးကို ရည်မှန်းပြီးတော့မှ အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်း သုံး ခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ (က) စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့ပမာဏတိုင်းတာသည့် ကျွမ်းကျင်ပညာရှင်များ စေလွှတ်တိုင်းတာခြင်း ပြုနိုင်ခြင်းရှိ/မရှိ၊ (ခ) သဘာဝဓာတ်ငွေ့ GAS TURBINE ENGINE တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ၊ (ဂ) တည်ဆောက်ပေးနိုင်ပါက မည်သည့်နှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေဖို့အတွက် ဆုမွန်ကောင်းတောင်းမေတ္တာပို့သရင်း လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးဖြစ်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမှ မော်လိုက်မြို့နယ်၊ အင်းတော်ဒေသတွင် မူလသဘာဝဓာတ်ငွေ့တွင်း နှစ်တွင်း စမ်းသပ်တူးဖော်ခဲ့သည့် တွင်းတစ်တွင်း စုစုပေါင်း သုံးတွင်းကို စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့ပမာဏတိုင်းတာသည့် ကျွမ်းကျင်ပညာရှင်များ စေလွှတ်တိုင်းတာခြင်းပြုနိုင်/မပြုနိုင်၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် GAS TURBINE ENGINE များတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ၊ တည်ဆောက်ပေးနိုင်ပါက မည်သည့်နှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများနှင့် ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အဲ့ဒီမှာမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ မော်လိုက်မြို့နယ်၊ အင်းတော်ဒေသမှာ ရေနံရှာဖွေထုတ်လုပ်တဲ့ ရာဇဝင်လေးအနည်းငယ်တင်ပြလိုပါတယ်။ ၁၉၃၂ ခုနှစ်ကနေပြီးတော့ ၁၉၆၃ ခုနှစ်အတွင်းမှာ Indo Burma Petroleum Co.,Ltd ဆိုတဲ့ (IBPC) ဟာ တွင်းပေါင်း ၇၅ တွင်း တူးဖော်ခဲ့ပြီးတော့ ရေနံအနည်းအကျဉ်းထုတ်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ Burma Oil Corporation ဆိုတဲ့ (BOC) ကနေပြီးတော့ အစမ်းတွင်း တစ်တွင်းထုတ်ခဲ့ပြီးတော့ အဲ့ဒီအစမ်းတွင်းကတော့ ပေါက်ကွဲခဲ့ပါတယ်။ ၁၉၇၈ ကနေ ၁၉၇၉ ခုနှစ်အတွင်းမှာတော့ စွမ်းအင်ဝန်ကြီးဌာနက Myanmar Oil Corporation အဲ့ဒီအချိန်တုန်းက အစမ်းတွင်း သုံးတွင်းတူးခဲ့ပါတယ်။ ကျွန်တော်တို့ ခုနက ဦးသောင်းတင်ပြတဲ့ ဝေလုံဝေစွတ်ဆိုတဲ့နေရာမှာ သုံးတွင်းတွေ့တဲ့အနက် တစ်တွင်းကတော့ တစ်နေ့ကိုရေနံဆီ တစ်စည်ကနေ ငါးစည်လောက်ထိ ထုတ်ယူရရှိခဲ့ပြီးတော့ ကျွန်တော်တို့ ခေတ္တပဲထုတ်ခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်မှာ ဒီကိုရီးယားက Yukong Co.,Ltd ကနေပြီးတော့ အစမ်းတွင်း တစ်တွင်းကို အင်းတော်ရဲ့ရွာလေးနဲ့ မလှမ်းမကမ်းမှာ ကျွန်တော်တို့ တူးတဲ့အခါမှာ Pressure များပြီးတော့ ဓာတ်ငွေ့အနည်းငယ်ပဲ တွေ့တဲ့အတွက်ကြောင့် ဒီတွင်းကိုပိတ်ခဲ့ပါတယ်။ အဲ့ဒီ နောက်ပိုင်းမှာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကနေပြီးတော့ အစမ်းတွင်း သုံးတွင်းတူး ဖော်ခဲ့ပါတယ်။ အဲ့ဒီဒေသမှာ စုစုပေါင်း ၈၃ တွင်း တူးဖော်ခဲ့ပြီး ဖြစ်ပါတယ်။

အဲ့ဒီမှတ်တမ်းတွေအရ Indo Burma Petroleum Co.,Ltd (IPBC) ဆိုတဲ့အဖွဲ့က တူးဖော်ခဲ့တဲ့ ၇၅ တွင်းအနက် လေးတွင်းကနေ သဘာဝဓာတ်ငွေ့ စမ်းသပ်ထွက်ရှိပြီးတော့ တွင်းတချို့ကတော့ ရေနံရခဲ့တဲ့အတွက် အဲ့အချိန်တုန်းက ရေနံထုတ်ခဲ့ပါသေးတယ်။ အဲ့ဒီအချိန်မှာ ပြည်တွင်း၌ သဘာဝဓာတ်ငွေ့သုံးစွဲမှုမရှိသေးတဲ့အတွက် ရေနံကိုသာ ဦးစားပေးရှာဖွေခဲ့ခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်မှာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက အင်းတော်အစမ်းတွင်း တစ်ကိုတူးဖော်တဲ့နေရာမှာ တစ်နေ့ကို သဘာဝဓာတ်ငွေ့ ကုဗပေ ၄.၂ သန်း စမ်းသပ်တွေ့ရှိခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း အဆိုပါတွင်းရဲ့ ပတ်ဝန်းကျင်မှာ အကဲဖြတ်တွင်း နှစ်တွင်း ဆက်လက်တူးဖော်ခဲ့သော်လည်းပဲ ရေနံနှင့် သဘာဝဓာတ်ငွေ့မရရှိခဲ့ပါဘူး။ စမ်းသပ်တွေ့ရှိခဲ့တဲ့ သဘာဝဓာတ်ငွေ့ဟာလည်း ပြန်ပြီးတွက်ချက်တဲ့အခါမှာ ဒီကျွန်တော်တို့ ဧရိယာအားဖြင့် ကျဉ်းနေတဲ့အတွက် စီးပွားဖြစ်ထုတ်လုပ်နိုင်မှုအဆင့်မမီသဖြင့်လည်းကောင်း၊ ဆက်လက်တူးဖော်ခဲ့တဲ့ အကဲဖြတ်တွင်း နှစ်တွင်းမှာလည်း ဓာတ်ငွေ့ကမတွေ့ခဲ့တဲ့အတွက်ကြောင့်လည်းကောင်း အဲ့ဒီဒေသမှာ ကျွန်တော်တို့ တူးဖော်နိုင်တဲ့ အကြမ်းအားဖြင့် တော့ ပေ ၇၀၀၀ လောက်ပတ်ဝန်းကျင်အနက်ထိကိုတော့ ရေနံနှင့်သဘာဝဓာတ်ငွေ့များများစားစား ခိုအောင်း

နိုင်မှုမရှိကြောင်း သုံးသပ်ရရှိတဲ့အတွက် ကျွန်တော်တို့ ရှာဖွေတူးဖော်ရေးတွေကို အဲ့ဒီအချိန်မှာ ကျွန်တော်တို့ ရပ်ဆိုင်းခဲ့တာ ဖြစ်ပါတယ်။

ယခုအခါမှာ သဘာဝဓာတ်ငွေ့ ပြည်တွင်းလိုအပ်ချက်ပမာဏ မြင့်တက်လာသဖြင့် အဆင့်မြင့်နည်းပညာများ အသုံးပြုပြီးတော့ ကျွန်တော်တို့ ပေနက်အစမ်းတွင်းတွေကို တူးဖော်နိုင်ပြီးတော့ ၂၀၁၃ ခုနှစ်မှာ 2nd Bidding Round ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာလုပ်ကွက်တွေကို ကုန်းတွင်းပိုင်းမှာ ဖွင့်ခေါ်တဲ့အခါမှာ အခုကျွန်တော်တို့ ဖော်ပြပါ ရန်ကုန်း-အင်းတော် Block အားဖြင့်PSC-C1 ဆိုတဲ့ Block ကို ကနေဒါနိုင်ငံက Pacific Hunt Energy Corporation ကတော့ သူတို့တင်ဒါအောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ သူတို့နဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေမှုစာချုပ် ချုပ်ဆိုနိုင်ဖို့အတွက် အခုအချိန်မှာ ညှိနှိုင်းစီစဉ်နေပြီဖြစ်ပြီးတော့ မကြာခင်သူတို့နဲ့ ကျွန်တော်တို့ PSC စာချုပ်ကို ချုပ်ပြီးတော့မှ ဆက်ပြီးတော့ ရှာဖွေရေးလုပ်ငန်းတွေ လုပ်သွားမှာဖြစ်တဲ့အတွက် အဲဒီအချိန်ကျမှ စီးပွားဖြစ်သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိပြီး သဘာဝဓာတ်ငွေ့ခိုအောင်းမှုပမာဏတွက်ချက်ပြီးလို့ အတည်ပြုပြီးနိုင်မှသာလျှင် သက်ဆိုင်ရာဌာန ကနေပြီးတော့ သဘာဝဓာတ်ငွေ့သုံး GAS TURBINE ENGINE တည်ဆောက်ရေးအတွက် ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံအားစံကိုက် ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းနိုင်၊ ရွှေကူမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး၊ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် ရွှေကူမြို့ ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့စံကိုက်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ကချင်ပြည်နယ် ရွှေကူမြို့ ပြည်သူ့ဆေးရုံသည် ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံတစ်ခုအဖြစ် ၁၉၆၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ရွှေကူမြို့သည် ဧရာဝတီမြစ်၏ ဒုတိယမြစ်ကျင်းအောက်တွင်တည်ရှိပြီး ဗန်းမော်မြို့နှင့် မိုင် ၅၀ ကျော်ဝေးပြီး

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နှင့်လည်း မိုင် ၅၀ ကျော်ဝေးကွာလျက်ရှိပါတယ်။ ချောင်ကြသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ ရွှေကူဆေးရုံမှကုသ၍မရသော လူနာများကို ဗန်းမော်သို့ ရေလမ်းမှဖြစ်စေ၊ ကားလမ်းမှဖြစ်စေ မဖြစ်မနေသွားရသောအခါ လမ်းခရီးကွာဝေးသောကြောင့် အချိန်ကြန့်ကြာပြီး မဖြစ်သင့်သည်များဖြစ်ခဲ့သည်ကို များစွာကြုံတွေ့ခဲ့ရပါတယ်။ ခုတင် ၅၀ ဆံ့ဆေးရုံကို ပြည့်ပြည့် စုံစုံဖြစ်လာစေရန် စံကိုက်ခုတင် ၅၀ ဆံ့ဆေးရုံဖြစ်ရန် လိုအပ်လာပါသဖြင့် မြို့နယ်ပြည်သူများကလည်း တင်ပြတောင်းခံလာကြပါတယ်။ သို့ပါ၍ ကချင်ပြည်နယ် ရွှေကူမြို့ ပြည်သူ့ဆေးရုံအား စံကိုက်ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန် ကာလတွင်ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ခုတင် (၁၀၀၀) ဆေးရုံကြီး၌ လူနာဆောင်များ၊ နားခိုနေထိုင်ဆောင်များနှင့် ကင်တင်းများ တို့ချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်စန္ဒာမင်း ဇမ္ဗူသီရိမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ နေပြည်တော်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းဖြစ်ပါတယ်။ ကျွန်မဒီနေ့မေးမြန်းမှာကတော့ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်အတွင်းမှာ ရှိတဲ့ ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးနှင့် ပတ်သက်ပြီးမေးခွန်းတွေမေးမှာ ဖြစ်ပါတယ်။ ဒီဇမ္ဗူသီရိ မြို့နယ်အတွင်းမှာရှိတဲ့ ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးမှာ တက်ရောက်ကုသနေတဲ့ လူနာဦးရေက ၁၀၀၀ လောက်ရှိပါတယ်။ ထို့အတူ လူနာစောင့်တွေကို လိုက်ပါစောင့်ရှောက်ဖို့အတွက် ကျေးလက် တောရွာနှင့်မြို့ပေါ်ရှိ လူနာစောင့်များမှာလည်း လူနာတစ်ဦးလျှင် တစ်ယောက်နှုန်းနှင့် တွက်ရင်တောင် လူနာစောင့် ၁၀၀၀ ခန့်ရှိပါတယ်။ ထိုလူနာစောင့် ၁၀၀၀ ခန့်နားနေဖို့အဆောင်မှာ တစ်ခုပဲရှိပြီးတော့ လုံလောက်မှုလည်းမရှိပါဘူး။ နီးစပ်ရာ သစ်ပင်အောက်တွေ၊ လူနာစောင့်ကော်ရစ်ဒါတွေမှာ ဖြစ်သလိုပဲနေထိုင်နေကြရတယ်။ မိမိလူနာတွေကို စောင့်ကြရပါတယ်။ လူနာစောင့်အားလုံး ညအိပ်စောင့်နားဖို့ နားနေရန်လည်းအဆောင်မရှိပါဘူး။ ထိုအတူပဲ ဆေးရုံတက်နေတဲ့ လူနာများနှင့် လူနာစောင့်များဝယ်ယူစားသောက်ဖို့ စားသောက်ဆိုင် (Canteen) ကလည်း တစ်ခုပဲရှိပါတယ်။ ထိုဆိုင်ကလည်းသန့်ရှင်းသပ်ရပ်မှုမရှိသလို၊ ကျယ်ဝန်းခြင်းလည်းမရှိပါဘူး။ လူနာစောင့်များနှင့် လူနာ များစားသုံးဖို့ အသုံးအဆောင်ပစ္စည်းတွေကိုလည်း လူသွားလမ်းဘေးကော်ရစ်တာမှာ ဗန်းတွေနဲ့

ခေါင်းရွက်ဗျက်ထိုးဈေးသည်တွေက ရောင်းချနေတာကိုတွေ့ရပါတယ်။ ဆေးရုံဝန်းအနှံ့အပြား ဖြစ်နေပါတယ်။ ဒီဟာက ဆေးရုံရဲ့အင်္ဂါရပ်နဲ့လည်းမညီညွတ်ပါဘူး။ သို့ပါသောကြောင့် ကျွန်မမေးလိုတဲ့မေးခွန်းလေးကတော့ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်အတွင်းမှာရှိတဲ့ လူဦးရေ ၁၀၀၀ ခန့်တက်ရောက်နေတဲ့ ခုတင် ၁၀၀၀ ဆေးရုံကြီးမှာ လူနာစောင့်များနားခိုနေထိုင်နိုင်သောအဆောင်များ ယခုလာမယ့်ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ နံပါတ် (၂) မေးခွန်းကတော့ လူနာများနှင့် လူနာစောင့်များဝယ်ယူစားသောက်နိုင်သော သန့်ရှင်းသပ်ရပ်တဲ့ (Canteen) များကို သက်ဆိုင်ရာဆေးကုသသော Word အလိုက် တိုးချဲ့ဖွင့်လှစ်ပေးဖို့အစီအစဉ် ရှိ/မရှိကို သိလိုခြင်းမေးမြန်းလို၍ ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရေးမြို့နယ်တွင် ခုတင် (၁၀၀) ဆံ့ ဆေးရုံတစ်ရုံတည်ဆောက်ပေးရန်၊ ဆေးပစ္စည်းကိရိယာများလုံလောက်စွာ ဖြည့်စွက်ပေးရန်နှင့် လမိုင်းမြို့နယ်ခွဲနှင့် ခေါဇာမြို့နယ်ခွဲတို့တွင် (၁၆) ခုတင်မှ (၂၅) ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း ရေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ကြွရောက်လာကြသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးမှာကတော့ ကျွန်မတို့ရဲ့ မွန်ပြည်နယ် ရေးမြို့နယ်မှာဆိုရင် ခုတင် ၅၀ ဆေးရုံတစ်ခုတည်းပါရှိပါတယ်။ ယင်းဆေးရုံတွင် လူနာများအတွက်လိုအပ်နေသော စက်ပစ္စည်းကိရိယာများလည်း လုံလောက်မှုမရှိတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်ရှင်။ အရေးပေါ်တဲ့လူနာတွေကို မော်လမြိုင်မြို့ကို တစ်လဆိုရင် လေး၊ ငါးခေါက်လောက် ပို့ဆောင်နေရတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ တစ်ခါတစ်လေကျရင် အဲ့ဒီအရေးပေါ်တဲ့ လူနာတွေက ရန်ကုန်ဆေးရုံကြီးကိုလည်း ပို့ဆောင်နေရတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ မော်လမြိုင်ကိုသွားလို့ရှိရင် ကားခဆိုရင် ၉၀၀၀၀ ကနေ ၁၀၀၀၀၀ ကြား ငှားနေရပြီးတော့ ရန်ကုန်မြို့ဆိုရင် ၂၅၀၀၀၀ ကနေ ၃၀၀၀၀၀ ကြား ပေးဆောင်နေရတာကိုလည်းလေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်မမေးချင်တဲ့မေးခွန်းက ကျွန်မတို့ရဲ့ လူဦးရေထူထပ်သောရေးမြို့တွင် ခုတင် ၁၀၀ ဆေးရုံတစ်ရုံ တည်ဆောက်ပေးဖို့အစီအစဉ် ရှိပါသလား။ (၁) မေးခွန်းကတော့ ဆေးရုံတွင်လိုအပ်နေသော ဆေးပစ္စည်းကိရိယာ များလုံလောက်စွာဖြည့်စွက်

ပေးနိုင်မယ့်အစီအစဉ် ရှိနိုင်ပါသလား။ နံပါတ်(ဂ) ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲတွင် ၁၆ ခုတင်မှ စံကိုက် ၂၅ ခုတင်ဆေးရုံတစ်ရုံအဆင့်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ်ရှိပါသလား။ (ဃ) ရေးမြို့နယ်၊ ခေါဇာမြို့နယ်ခွဲတွင် ၁၆ ခုတင်မှ စံကိုက် ၂၅ ခုတင်ဆေးရုံအဆင့်သို့တိုးမြှင့်ပေးနိုင်ရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိရင် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ အစီအစဉ်မရှိရင်လည်း ဘာကြောင့်မရှိတာကိုလည်း ဖြေကြားပေးစေလိုပါတယ်။ ယခုမေးခွန်းက ပြည်သူလူထုရဲ့ ကိုယ်စား ကျွန်မမေးခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**နေပြည်တော်ခုတင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံ တည်ဆောက်ရေးအတွက် မည်သို့စီမံဆောင်ရွက်မှုများကို သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး သနပ်ပင်မဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်ကာလမှာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သဘာဝသစ်ဖု သစ်ဥတွေနဲ့ဖော်စပ်တဲ့ ရိုးရာဆေးဝါးတွေကို၊ ဆေးပညာရပ်တွေကို တစ်ဖန်ပြန်လည်ပြီးတော့ စိတ်ဝင်စားလာတာ၊ ဖော်စပ်လာတာတွေ့ရပါတယ်။ ဒီရိုးရာဆေးပညာတွေကို စိတ်ဝင်စားလာပြီးတော့ အစိုးရကိုယ်တိုင်ကနေ အားပေးအားမြှောက်ပြုလာတာ အဆင့်မြှင့်တင်လာတာ ဈေးကွက်ရှာလာတာကိုလည်း အထင်အရှားတွေ့လာရပါတယ်။ ကျွန်တော်တို့ မြန်မာ့တိုင်းရင်းဆေးပညာဟာ အရှေ့တောင်အာရှမှာ အခြေခံခိုင်မာပြီးတော့ ထည်ထည်ဝါဝါရှိတဲ့ ရိုးရာအမွေအနှစ်ဆေးပညာရပ်ပဲဖြစ်ပါတယ်။ ယခု အာဆီယံတိုင်းရင်းဆေးညီလာခံကိုလည်း မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ကျင်းပဖို့အစီအစဉ်ရှိကြောင်း သိရပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ နိုင်ငံရေးအရပွင့်လင်းလာတာနှင့်အမျှ ကမ္ဘာ့ခေါင်းဆောင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်းတွေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေကလည်း အဝင်အထွက်များလားတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နေပြည်တော်မှာ ဒီခုတင် ၁၀၀၀ ဆံ့ဆေးရုံကနေပြီးတော့ အနောက်တိုင်းဆေးရုံတွေဟာ ခုတင် ၅၀ ဆံ့ထိ ၁၅ ရုံခန့် ရှိတာကိုတွေ့ရပေမယ့် တိုင်းရင်းဆေးရုံကတော့ တစ်ရုံမှမရှိသေးတာကိုလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ဘတ်ဂျက်ကာလ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာတုန်းက တိုင်းရင်းဆေးရုံ ခုတင် ၁၀၀ ဆံ့ဆောက်ဖို့အတွက် မူလအဆိုပြုစဉ်မှာ ပါလာပေမယ့် နောက်ပိုင်းမှာ

မြေနေရာမရှိသေးလို့ဆိုပြီးတော့ ရပ်ဆိုင်းထားတာကိုလည်းတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နေပြည်တော်မှာ မြန်မာ့တိုင်းရင်းဆေးရုံတစ်ရုံ တည်ဆောက်ရေးဟာ မြို့တော်အင်္ဂါရပ်နှင့် လျော်ညီစေရန်အတွက်လည်းကောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ လွှတ်တော်များ ရုံးစိုက်ရာအစည်းအဝေးကျင်းပရာဖြစ်တဲ့ နယ်မြေဖြစ်တဲ့အတွက်လည်းကောင်း၊ ဒေသရဲ့လိုအပ်ချက်ဖြစ်တဲ့၊ အမှန်တစ်ကယ်လိုအပ်ချက်ဖြစ်တဲ့အတွက်လည်းကောင်း၊ နောက်ပြီးတော့ တိုင်းရင်းဆေးပညာကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးအားမြှောက်ပြုရာကျမှာဖြစ်တဲ့အတွက် တိုင်းရင်းဆေးသိပ္ပံဆင်းတွေနဲ့ တိုင်းရင်းဆေးတက္ကသိုလ်ဆင်းတွေကိုလည်း အလုပ်အကိုင်းပေးရရာကျမှာဖြစ်တဲ့အတွက် ကျွန်တော်တို့နေပြည်တော် ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံကြီးတစ်ရုံကို တည်ဆောက်ပေးမည့်အစီအစဉ်များကိုသိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် လေးဦးရဲ့မေးမြန်းချက်များကို တစ်ပေါင်းတစ်စည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနသို့ မေးမြန်းထားသော မေးခွန်းများကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ကိုယ်စားမိမိမှ ပြန်လည်ရှင်းလင်းတင်ပြဖြေကြားသွားပါမယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကချင်ပြည်နယ် ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဝင်းနိုင်၏မေးခွန်းကို ရှေးဦးစွာ ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအသစ် ဖွင့်လှစ်ခြင်း၊ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်းနှင့် ကျေးလက်ကျန်းမာရေးဌာနအသစ်များ ဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်များဖွင့်လှစ်ခြင်းကို စီမံကိန်းနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ကချင်ပြည်နယ် ရွှေကူမြို့နယ် ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံကြီးကို လက်ရှိဖွဲ့စည်းပုံအား စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏မေးခွန်းအား ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နေပြည်တော်၊ ပြည်သူ့ဆေးရုံကြီးခုတင် ၁၀၀၀ တွင် လက်ရှိအနေဖြင့် လူနာစောင့်တည်းခိုဆောင်သုံးခုရှိကြောင်း တင်ပြလိုပါတယ်။ ယခုအခါ ဆေးရုံတွင်လူနာဆောင် Word ၃၂ ခုရှိပြီးဖြစ်ရာ လက်ရှိလူနာစောင့် တည်းခိုဆောင်များလုံလောက်မှုမရှိသည်မှာ အမှန်ပင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လူနာစောင့်အဆောင် များ တိုးချဲ့ဖွင့်လှစ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နည်းလမ်းရှာဖွေပြီး စီမံဆောင် ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး နေပြည်တော်၊ ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ တွင် ဆေးကုသဆောင် စုစုပေါင်း ၃၂ ခုရှိပါသဖြင့် သက်ဆိုင်ရာဆေးကုဆောင်အလိုက် စားသောက်ဆိုင်များ တိုးချဲ့ဖွင့်လှစ် ခြင်းအစား စုပေါင်းစားသောက်ဆိုင်တန်း တိုးချဲ့ဖွင့်လှစ်ခြင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ ဆောင်ရွက်သွားရန်စီစဉ်ထားရှိပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း၏ မေးခွန်းအားရှင်းလင်းတင်ပြဖြေကြားသွားပါမယ်။ ရေးမြို့နယ် ပြည်သူ့ဆေးရုံခုတင် ၁၀၀ အတွက် Dental Chair တစ်ခုကို ၂၀၁၃ ဩဂုတ်လတွင် ထောက်ပံ့ထား ရှိပြီး ဆေးရုံသုံးပစ္စည်းများ၏ လိုအပ်ချက်ကို တင်ပြရန်အတွက် မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနသို့ ကျန်းမာရေးဦးစီးမှူးကိုလည်း ၂၂-၁၀-၂၀၁၃ ရက်နေ့မှာ ညွှန်ကြားထားရှိပြီးဖြစ်ပါတယ်။ တင်ပြလွှာ ချက်ပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမြို့နယ် ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံကြီးအား ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကြီးအဖြစ်သို့ ကျန်းမာရေးဦးစီးဌာန၏ ၂၁-၁၂-၂၀၁၂ ရက်စွဲဖြင့်တိုးမြှင့်ရန်အတွက် ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ၁၆ ခုတင်ဆံ့ဆေးရုံများအားလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာ နှစ်မှာ စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိရာ တင်ပြပါရေးမြို့နယ်၊ လမိုင်းမြို့ နယ်ခွဲ၊ ခေါဇာမြို့နယ်ခွဲများရှိ ၁၆ ခုတင်ဆံ့ဆေးရုံ နှစ်ရုံအား ၂၅ ခုတင်ဆံ့သို့ အဆင့်တိုးမြှင့်နိုင်ရေး အတွက် ဆေးရုံအတွက်တက်ရောက်နေတဲ့ အတွင်းလူနာအခြေအနေ၊ ပြင်ပလူနာအခြေအနေ၊ ဆေးရုံအသုံးချမှု ရာခိုင်နှုန်းအခြေအနေများကိုမူတည်ပြီးတော့ တိုးမြှင့်အောင်ဆောင်ရွက်နိုင်ရန် အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏ မေးခွန်းကို ကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏မြို့တော် နေပြည်တော်တွင် ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံဖွင့်လှစ်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခွင့်ရရှိထားပြီး ဖြစ်ပါတယ်။ ထိုသို့ရရှိထားရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး မြေနေရာရရှိရေးအတွက်ပါ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံ တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် ခွင့်ပြုရန်ပုံငွေတောင်းခံခြင်း၊ မြေနေရာရရှိခြင်းများကို ဆက်လက်ကြိုးစားဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်ပြုပါ။ ကျွန်တော်တို့ နေပြည်တော်ကောင်စီနယ်မြေမှာ တချို့မြို့နယ်ပေါ့။ ဥပမာပြောရမယ်ဆိုရင် ပုဗ္ဗသီရိမှာဆိုလို့ရှိရင် ခုတင် ၅၀ ဆံ့ဆေးရုံနှစ်ရုံရှိတယ်။ အဲဒီ အမှတ်(၁) ဆေးရုံမှာတောင်မှ အတွင်းလူနာဟာမရှိသလောက်ပါပဲ။ တစ်ယောက်၊ နှစ်ယောက်လောက်တောင်မှ မရှိပါဘူး။ နောက်အမှတ်(၂)ဆေးရုံဆိုလို့ရှိရင်လည်း ဒီအတိုင်းပဲ အပိုဖြစ်နေတယ်။ အဲ့တော့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကိုလည်းသက်သာအောင်လို့ ကျွန်တော်တို့က အဲ့ဒီလိုပိုလျှံနေတဲ့ ဆေးရုံတစ်ရုံတစ်ရုံကို တိုင်းရင်းဆေးရုံအဖြစ်ဖွင့်လှစ်ပေးမယ်ဆိုလို့ရှိရင် အင်မတန်မှ အကျိုးရှိမယ်လို့ယူဆပါတယ်။ အဲဒါကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကိုလည်းပဲ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)။** ။ တင်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းကို ကျွန်တော်အနေဖြင့် ရှင်းလင်းတင်ပြသွားပါမယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တင်ပြပါမြို့နယ်ဆေးရုံတွေမှာ လူနာမရှိဘူးဆိုသော်လည်း မိမိတို့လူနာများ ဒီအတွက်ကြောင့် ခုတင် ၁၀၀၀ ဆေးရုံတွေမှာ လူနာတွေစုပြုံနေတာဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ မြို့နယ်တွေမှာ ရှိတဲ့ပြည်သူ့ဆေးရုံတွေကို အဆင့်မြှင့်တင်ပြီးတော့ဆောင်ရွက်လိုက်ရင် Main ကိုသွားတဲ့ Volume ကလျော့သွားမှာပါ။ ခုနကလည်း ဒေါ်စန္ဒာမင်းမေးခွန်းထဲမှာလည်းပါပါတယ်။ အများကြီးဖြစ်နေပါ

တယ်။ ဒီအတွက်လည်း ကျွန်တော်တို့ စီမံဆောင်ရွက်နေပါတယ်။ သို့အတွက်ကြောင့် တိုင်းရင်းဆေးရုံကတော့ သက်သက် သူ့ရဲ့ဦးစီးဌာနနဲ့အတူတူရှိတဲ့အတွက် သူ့ဖွဲ့စည်းပုံနဲ့အတူတူ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တင်ပြပါ လူနာမရှိဘူးဆိုတဲ့ ဆေးရုံတွေကိုလည်း မိမိတို့အနေနဲ့ အဆင့်မြှင့်တင်ခြင်းများကို ဆက်လက်ဆောင်ရွက်ဖို့အစီအစဉ်ရှိတဲ့အတွက် တင်ပြပါ မေးခွန်းကိုကျွန်တော့်အနေနဲ့ အခုလိုရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက လျှပ်စစ်ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက လျှပ်စစ်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်၍ ဦးသိန်းလွင်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အတွင်းရေးမှူးလည်းဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မတီဟာ တာဝန်ပေးအပ်ချက်အရ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဘာသာရပ်ကျွမ်းကျင်သူများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် လျှပ်စစ်ဥပဒေကြမ်းကို အဋ္ဌမအကြိမ် လွှတ်တော်ကျင်းပဆဲကာလမှာ (၁၅) ကြိမ်တိုင်တိုင် ညှိနှိုင်းဆွေးနွေးပြုစုခဲ့ကြပါတယ်။ အဲဒီလျှပ်စစ်ဥပဒေကြမ်းကို ၁၁-၁၁-၂၀၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကလက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ လျှပ်စစ်ဥပဒေကြမ်းကို ပြည်သူများသိရှိလေ့လာ အကြံ ပြုနိုင်ဖို့ ၁၉-၁၁-၂၀၁၃ ရက်နေ့ထုတ် နေ့စဉ်သတင်းစာများမှာလည်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အစည်းအဝေးများရပ်နားထားစဉ် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်းမှာ လျှပ်စစ်ဥပဒေကြမ်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ဥပဒေကြမ်းကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ အတွေ့အကြုံရှိသူများနှင့်အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ဖော်ပြပါအတိုင်း အဆင့်ဆင့်စနစ်တကျလေ့လာ ဆွေးနွေး ညှိနှိုင်းပြုစုထားတဲ့ လျှပ်စစ်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားနိုင်ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်၍ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်-

၁။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော လျှပ်စစ်ဥပဒေကြမ်းအား ၁၁-၁၁-၂၀၁၃ ရက်နေ့၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့တွင် လွှတ်တော်၌ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့ကြပါသည်။

၂။ လျှပ်စစ်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက အောက်ဖော်ပြပါရည်ရွယ်ချက်များနှင့် ရေးဆွဲတင်ပြထားပါသည်-

(က) မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံစွမ်းအင်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရန်လိုအပ်လျက်ရှိနေခြင်း၊

(ခ) မြန်မာနိုင်ငံတွင် ၁၉၈၄ ခုနှစ်က ပြဋ္ဌာန်းထားရှိသော လျှပ်စစ်ဥပဒေရှိသော်လည်း ယခုမျက်မှောက်ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိသဖြင့် ခေတ်စနစ်နှင့်အညီ အသစ်ပြုပြင်ရေးဆွဲရန် လိုအပ်ခြင်း၊

(ဂ) အထူးသဖြင့် လျှပ်စစ်ကဏ္ဍအရှိန်အဟုန်ဖြင့် တိုးတက်ရေးနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ရရှိလာစေရန် ခေတ်မီသော လျှပ်စစ်ဥပဒေတစ်ရပ် မလွဲမသွေလိုအပ်နေခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၆-၁-၂၀၁၄ ရက်နေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကျင်းပခဲ့ကြပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီစိစစ်ခဲ့ရာ ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဤဥပဒေကြမ်းတွင် အခန်း(၁၆) ခန်းနှင့် ပုဒ်မပေါင်း ၆၈ ခု ပါရှိပါသည်။

(၂) ဥပဒေခေါင်းစီးအား ထုတ်ပြန်ပြီးသော ဥပဒေများနှင့် ညီညွတ်စေရန် ပြင်ဆင်ပါသည်။

(၃) အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)အား လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန်ခွင့်ပြုနိုင်သည့် လုပ်ပိုင်ခွင့်ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၄) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)အား လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နိုင်ရေးအတွက် ခွင့်ပြုပိုင်ခွင့်ရှိသော အဖွဲ့အစည်းများက ထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်ဟုပြင်ဆင်ပါသည်။

(၅) ပုဒ်မ ၂ ပုဒ်မခွဲ(င)၊(စ)၊ (ဆ)၊ (ဇ)၊ (ည)၊(ဎ)၊ (ဏ)၊ (ဓ)၊ (လ)၊ (ဝ)၊ (အ)၊(က-၁)၊ (က-၄) နှင့် ပုဒ်မ ၂၄ တို့အား လုပ်ထုံးလုပ်နည်းတွင် အသေးစိတ်ထည့်သွင်းရန်ဖြစ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၆) ပုဒ်မ ၂ ပုဒ်မခွဲ(ဈ)ရှိ တာဝါတိုင်များ၊ ကွန်ကရစ်တိုင်များဆိုသည့် စကားရပ်အား ဓာတ်အားလိုင်းတိုင်များဟု ပြင်ဆင်ပါသည်။

(၇) ပုဒ်မ ၂ ပုဒ်မခွဲ(ဋ) အား ပုဒ်မခွဲ(တ) ပုဒ်မခွဲငယ်(၂) အဖြစ်ပြောင်းလဲပြင်ဆင်ပါသည်။

(၈) ပုဒ်မ ၂ ပုဒ်မခွဲ(ဌ)ရှိ အိမ်နီးချင်းနိုင်ငံတစ်ခုခုနှင့်ဖြစ်စေဆိုသည့် စကားရပ်အား ပြည်ပနိုင်ငံတစ်ခုခုနှင့် ဖြစ်စေဟုပြင်ဆင်ပါသည်။

(၉) ပုဒ်မ ၂ ပုဒ်မခွဲ(တ) အား

(တ) လျှပ်စစ်ဓာတ်အားစနစ်ဆိုသည်မှာ အောက်ပါတို့ပါဝင်သည် -

(၁) အဓိက လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေး လိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေး ခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်နေသော တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် မဟာဓာတ်အားလိုင်းစနစ်၊

(၂) လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံ၊ ဓာတ်အားခွဲရုံတို့မှ ဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်းတိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကိုအသုံးပြုသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်၊

(၃) မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်မှုမရှိသော ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်ဟူ၍ ပြင်ဆင်ပါသည်။

(၁၀) ပုဒ်မ ၂ ပုဒ်မခွဲ(ဒ)ရှိ ဝန်ကြီးဌာနကဆိုသည့် စကားရပ်အား ပယ်ဖျက်ပါသည်။

(၁၁) ပုဒ်မ ၂ ပုဒ်မခွဲ(ပ)အား လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုသောလျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊

ဓာတ်အားလိုင်းများ၊ လျှပ်စစ်တိုင်းတာရေးကိရိယာများ ကြံ့ခိုင်မှုနှင့် စံချိန်စံညွှန်းများ စစ်ဆေးခြင်းကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၂) ပုဒ်မ ၂ ပုဒ်မခွဲ(ဖ) ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာန ဆိုသည့် စကားရပ်အား

ဝန်ကြီးဌာနဟု ပြင်ဆင်သဖြင့် ဤဥပဒေကြမ်းတစ်ခုလုံးရှိ သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည့်စကားရပ်များအား ဝန်ကြီးဌာနဟုပြင်ဆင်ပါသည်။

(၁၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဗ) ရှိ ပြည်ထောင်စုဝန်ကြီးဆိုသည့် စကားရပ်အား ဝန်ကြီးဟု ပြင်ဆင်ပါသည်။

(၁၄) ပုဒ်မ ၂ ပုဒ်မခွဲ(ဘ) ရှိ သတ်မှတ်ထားသောဆိုသည့် စကားရပ်အား ပယ်ဖျက်ပါသည်။

(၁၅) ပုဒ်မ ၂ ပုဒ်မခွဲ(မ) ရှိ ဆောင်ရွက်ရန်အတွက် ဆိုသည့်စကားရပ်အား ဆောင်ရွက်ရန်ဟု ပြင်ဆင်ပါသည်။

(၁၆) ပုဒ်မ ၂ ပုဒ်မခွဲ(ယ) အား ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သူဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ကို တည်ဆဲဥပဒေများနှင့်အညီရယူပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချသူကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၇) မူလပုဒ်မ ၂ ပုဒ်မခွဲ(က-၅) ၏နောက်တွင် (မ)အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်း ကြီးကြပ်မှုကော်မရှင်ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်ကိုဆိုသည်ဟု အသစ်ထပ်မံဖြည့်စွက်ပါသည်။

(၁၈) အခန်း(၂) ရည်ရွယ်ချက်တွင် ပါရှိသော ပုဒ်မ ၃ ပုဒ်မခွဲ(က) မှ ပုဒ်မခွဲ(ဌ) အထိ ပြဋ္ဌာန်းချက်များကို ပြန်လည်စုစည်းပြီး ပုဒ်မခွဲ(က) မှ ပုဒ်မခွဲ(စ) အထိပြင်ဆင်ပါသည်။

(၁၉) အခန်း (၃) ပုဒ်မ ၄ အား

ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ် ဦးဆောင်စေလျက် သက်ဆိုင်ရာ ပညာရှင်များ ပါဝင်သော လျှပ်စစ်ဆိုင်ရာ

လုပ်ငန်းကြီးကြပ်မှုကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ၍ ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကော်မရှင်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ငါးဦးသို့မဟုတ် ခုနစ်ဦးဖြင့် ဖွဲ့စည်းရမည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၂၀) ပုဒ်မ ၅ ပုဒ်မခွဲ(က) ရှိ အမျိုးသားလျှပ်စစ်စွမ်းအားမူဝါဒ (National Electricity Policy) ဆိုသည့်စကားရပ်အား အင်္ဂလိပ်ဘာသာ အသုံးအနှုန်းကို ပယ်ဖျက်ပါသည်။

(၂၁) ပုဒ်မ ၅ ပုဒ်မခွဲ(ခ) အား ခေတ်စနစ်နှင့်ညီညွတ်သော လျှပ်စစ်ဓာတ်အားခနှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားခ မူဝါဒဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြုစုတင်ပြခြင်း ဟု ပြင်ဆင်ပါသည်။

(၂၂) ပုဒ်မ ၅ ပုဒ်မခွဲ(ဃ) ရှိ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုသည့်စကားရပ်အား တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟု ပြင်ဆင်ပါသည်။

(၂၃) ပုဒ်မ ၆ အား နိုင်ငံ့ဝန်ထမ်းမဟုတ်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှု ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၂၄) အခန်း(၄)ခေါင်းစဉ်အား လျှပ်စစ်ဆိုင်ရာလုပ်ငန်း ခွင့်ပြုနိုင်သည့် အဖွဲ့အစည်းများဟု ပြင်ဆင်ပါသည်။

(၂၅) အခန်း(၄) ပုဒ်မ ၇ ရှိ အခွင့်အာဏာကို အပ်နှင်းလိုက်သည်ဆိုသည့် စကားရပ်အား လုပ်ပိုင်ခွင့်ကိုအပ်နှင်းသည်ဟုလည်းကောင်း၊ ပုဒ်မ ၇ ပုဒ်မခွဲ(က) ရှိ ပြည်ထောင်စုဝန်ကြီးဆိုသည့် စကားရပ်အား ဝန်ကြီးဌာနများဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၂၆) ပုဒ်မ ၇ ပုဒ်မခွဲ(ဃ) မှာ မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၂၇) ပုဒ်မ ၈ ပုဒ်မခွဲ(ခ) အား ဝန်ကြီးဌာနသည် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူများအား လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ထုတ်ပေးခြင်း၊ ကြီးကြပ်

စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည် ဟုပြင်ဆင်ပါသည်။

(၂၈) ပုဒ်မ ၉ ပုဒ်မခွဲ(က) ရှိ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်းများကို စကားရပ်အား လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းများကိုဟု ပြင်ဆင်ပါသည်။

(၂၉) ပုဒ်မ ၉ ပုဒ်မခွဲ(ခ) အား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် မိမိဒေသအတွင်း ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်များထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင်သည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၀) ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)အား ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းများသည် သင့်လျော်သည့်အချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားလွတ်လပ်စွာ ပြောင်းလဲရပ်တည်ခွင့်ရှိသည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၁) ပုဒ်မ ၁၀ ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆိုသည့်စကားရပ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့်ဟု ပြင်ဆင်ပါသည်။

(၃၂) အခန်း(၅) ပုဒ်မ ၁၁ ရှိ ဤဥပဒေပါ စကားရပ်အား ပုဒ်မ ၇ ပါ ဟုလည်းကောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ ဆိုသည့်စကားရပ်အား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၃) ပုဒ်မ ၁၂ ရှိ ပြည်ထောင်စုအစိုးရ ဆိုသည့်စကားရပ်အား ပြည်ထောင်စုအစိုးရအဖွဲ့ဟု ပြင်ဆင်ပါသည်။

(၃၄) ပုဒ်မ ၁၃ အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာ

ဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းကိုမဆို ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၅) ပုဒ်မ ၁၄ ရှိ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆိုသည့် စကားရပ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၆) ပုဒ်မ ၁၅ ရှိ အစိုးရဌာန၊ အဖွဲ့အစည်းသည် ဆိုသည့်စကားရပ်အား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၇) ပုဒ်မ ၁၆ အား ပုဒ်မ ၇ အရ လုပ်ငန်းခွင့်ပြုခွင့်ရှိသည့် အဖွဲ့အစည်းများက လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခွင့်ပြုရာ၌ လုပ်ကိုင်ခွင့်ကာလနှင့် သက်တမ်းတိုးသည့် ကာလများကို ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့်အညီ သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၈) ပုဒ်မ ၁၆ ၏နောက်တွင် ပုဒ်မ ၁၇ အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အခြားအဖွဲ့အစည်းများနှင့်ပူးတွဲဆောင်ရွက် လိုခြင်း၊ လွှဲပြောင်းလိုခြင်း၊ ခွင့်ပြုမိန့်ပါ လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းပြုလုပ်လိုပါက ခွင့်ပြုမိန့်ပေးခဲ့သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့လျှောက်ထားနိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၃၉) ပုဒ်မ ၁၈ ရှိ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်ဆိုသည့် စကားရပ်အား ဝန်ကြီးဌာနက ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်ဟု ပြင်ဆင်ပါသည်။

(၄၀) ပုဒ်မ ၁၉ အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၄၁) အခန်း(၆) ပုဒ်မ ၂၀ ရှိ သဘောတူ သတ်မှတ်ချက်များကို ဆိုသည့်စကားရပ်အား သတ်မှတ်ချက်များကိုဟု ပြင်ဆင်ပါသည်။

(၄၂) အခန်း(၇) ပုဒ်မ ၂၂ ရှိ လုပ်ငန်းတာဝန်များဆိုသည့် စကားရပ်အား တာဝန်နှင့် လုပ်ပိုင်ခွင့်များဟုလည်းကောင်း၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(က) ရှိ အရည်အသွေး၏ စံချိန်စံညွှန်းနှင့်ညီမညီ စစ်ဆေးခြင်း ဆိုသည့် စကားရပ်အား အရည်အသွေးစစ်ဆေးခြင်းဟု ပြင်ဆင်ပါသည်။

(၄၃) ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ရှိ စည်းမျဉ်းစည်းကမ်းများဆိုသည့် စကားရပ်အား စည်းကမ်းများဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၄၄) ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) ရှိ စစ်ဆေးရေးမှူး အဖွဲ့များအား ဆိုသည့်စကားရပ်အား စစ်ဆေးရေးမှူးတစ်ဦးဦးအားဟု ပြင်ဆင်ပါသည်။

(၄၅) ပုဒ်မ ၂၂ ပုဒ်မခွဲ(င) အား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၄၆) ပုဒ်မ ၂၃ ရှိ ဆောင်ရွက်ရန်အတွက် ဆိုသည့်စကားရပ်၏ နောက်တွင် သတ်မှတ်ချက်များနှင့်အညီဟူသော စကားရပ်အား ပြင်ဆင်ဖြည့်စွက်ပါသည်။

(၄၇) ပုဒ်မ ၂၄ အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၄၈) ပုဒ်မ ၂၅ အား ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းများ အရည်အသွေး အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော နိုင်ငံတကာအဆင့် ဓာတ်ခွဲခန်းများ တည်ထောင်ဖွင့်လှစ်ထားရှိရမည်ဟု ပြင်ဆင်ပါသည်။

(၄၉) အခန်း(၈) ခေါင်းစဉ်အား လျှပ်စစ်ဓာတ်အားစနစ်ဖွံ့ဖြိုးမှု စီမံရေးနှင့်ထိန်းညှိကွပ်ကဲရေးဟုပြင်ဆင်ပါသည်။

(၅၀) အခန်း(၉) ပုဒ်မ ၂၉ ရှိ အပြီးသတ်ဆိုသည့် စကားရပ်အားအပြီးအပြတ်ဟု ပြင်ဆင်ပါသည်။

(၅၁) ပုဒ်မ ၃၀ ရှိ နိုင်ငံတော် ခာတ်အားစနစ်အတွင်းသို့ဆိုသည့် စကားရပ်အား လျှပ်စစ် ဓာတ်အားစနစ်အတွင်းသို့ဟု ပြင်ဆင်ပါသည်။

(၅၂) အခန်း (၁၀) ပုဒ်မ ၃၂ အား ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၅၃) ပုဒ်မ ၃၃ အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအစိုးရအဖွဲ့များသည် ဝန်ကြီးဌာန နှင့်ညှိနှိုင်း၍ ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၅၄) အခန်း (၁၁) ခေါင်းစဉ်အား လျှပ်စစ်လုပ်ငန်းဆိုင်ရာ ခွင့်ပြုနိုင်သည့် အဖွဲ့အစည်းများ ၏အရေးယူပိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၅၅) အခန်း(၁၁) ပုဒ်မ ၃၄ အား ပုဒ်မ ၇ အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်း ခွင့်ပြုနိုင်သည့် အဖွဲ့အစည်းများ၏ ခွင့်ပြုမိန့်ပါ စည်းကမ်းချက် သို့မဟုတ် ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် ရရှိသူက ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူအား အောက်ပါအရေး ယူမှုတစ်ရပ်ရပ်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၅၆) အခန်း (၁၂) ပုဒ်မ ၃၆ ရှိ မည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူ မည်သူမျှဆိုသည့်စကားရပ်အား လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမျှ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) အရဟုပြင်ဆင်ပါသည်။

(၅၇) ပုဒ်မ ၄၂ ရှိ ဆောင်ရွက်ခြင်းဆိုသည့်စကားရပ်အား လုပ်ငန်းဆောင်ရွက်ခြင်းဟု ပြင်ဆင် ဖြည့်စွက်ပါသည်။

(၅၈) ပုဒ်မ ၄၃ အား မည်သူမျှ လျှပ်စစ်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုရဟု ပြင်ဆင် ပါသည်။

(၅၉) ပုဒ်မ ၄၄ ရှိ မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်းဆိုသည့် စကားရပ်အား မည်သူမျှ ခွင့်ပြုချက်မရှိဘဲ လျှပ်စီးကြောင်းလွှဲပေးခြင်းဟု ပြင်ဆင်ပါသည်။

(၆၀) ပုဒ်မ ၄၅၊ ပုဒ်မ ၄၆ နှင့် ပုဒ်မ ၅၀ တို့ရှိ နောက်ဆက်တွဲ ပြစ်ဒဏ်များကို ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက် မပိုသော ထောက်ဒဏ်ချမှတ်ရမည့် အပြင်ငွေဒဏ် လည်းချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၆၁) အခန်း(၁၃) ပုဒ်မ ၄၉ ရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ ဆိုသည့်စကားရပ်အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၆၂) ပုဒ်မ ၅၁ ရှိ နောက်ဆက်တွဲ ပြစ်ဒဏ်ကို ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၆၃) ပုဒ်မ ၅၂ နှင့် ပုဒ်မ ၅၃ တို့ရှိ နောက်ဆက်တွဲ ပြစ်ဒဏ်များအား ယင်းပြစ်မှုကို ထပ်မံ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၆၄) ပုဒ်မ ၅၄ အား မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၆၅) ပုဒ်မ ၅၅ အား မည်သူမဆို ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ရာတွင် ကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှု များပါ ပြစ်ဒဏ်များအတိုင်းချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၆၆) အခန်း (၁၄) ပုဒ်မ ၅၇ အား ပုဒ်မ ၅၆ အရချမှတ်သည့် နစ်နာကြေးကို ဝင်ငွေခွန် မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံခွင့် ရှိစေရမည် ဟု ပြင်ဆင်ပါသည်။

(၆၇) ပုဒ်မ ၅၈ ရှိ မည်သူမဆို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု၊ ပြတ်တောက်မှု ဖြစ်ပွားအောင် ပြုလုပ်ခဲ့ပါက ဆိုသည့် စကားရပ်အား မည်သူမဆို ဓာတ်အားပို့လွှတ်မှုကို ပြတ်တောက်စေရန်ပြုလုပ်ပါကဟု ပြင်ဆင်ပါသည်။

(၆၈) ပုဒ်မ ၅၉ ရှိ မီးလောင်မှုများ ဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်လျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဆိုင်ရာ လုပ်ကိုင်ခွင့်ရှိသူ ဆိုသည့်စကားရပ်အား မီးလောင်မှုဖြစ်ပွားပြီး တစ်ဦးတစ်ယောက် ထိခိုက်ဒဏ်ရာရလျှင် သို့မဟုတ် မသန်မစွမ်းဖြစ်လျှင် သို့မဟုတ် သေဆုံးလျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူနှင့်ဟု ပြင်ဆင်ပါသည်။

(၆၉) ပုဒ်မ ၅၉ ပုဒ်မခွဲ(ခ) ရှိ ပြဋ္ဌာန်းဆိုသည့်စကားရပ်အား ထုတ်ပြန်ဟု ပြင်ဆင်ပါသည်။

(၇၀) ပုဒ်မ ၆၀ ပုဒ်မခွဲ(က) ရှိ အမိန့်ကို လက်ခံရရှိသည့်နေ့မှ ဆိုသည့် စကားရပ်အား အမိန့်ကို ချမှတ်သည့်နေ့ဟုပြင်ဆင်ပြီး ပုဒ်မခွဲ(ခ) ရှိ ယင်းကဲ့သို့ အယူခံခြင်းသည်ဟူသော စကားရပ်အား ပယ်ဖျက်ပါသည်။

(၇၁) အခန်း(၁၆) တွင် ပုဒ်မ ၆၂ အောက်တွင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှု ကော်မရှင် ဥက္ကဋ္ဌသည် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၇၂) ပုဒ်မ ၆၄ ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောဆိုသည့် စကားရပ်အား ရဲအရေးယူပိုင်ခွင့်ရှိသော ဟု ပြင်ဆင်ပါသည်။

(၇၃) ပုဒ်မ ၆၅ ပုဒ်မခွဲ (ခ) ရှိ အစိုးရဌာန၊ အဖွဲ့အစည်း ဆိုသည့်စကားရပ်အား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းဟု ပြင်ဆင်ပါသည်။

(၇၄) ပုဒ်မ ၆၆ အား ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥပဒေနှင့် ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေအရ ပြုလုပ်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၇၅) ပုဒ်မ ၆၇ အား ၁၉၈၄ ခုနှစ်၊ လျှပ်စစ်ဥပဒေ (ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇/၁၉၈၄) လျှပ်စစ်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဟု ပြင်ဆင်ပါသည်။

(၇၆) ပုဒ်မ ၆၈ အား ပယ်ဖျက်ပါသည်။

၅။ သို့ဖြစ်ပါ၍ လျှပ်စစ်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းတဲ့ လျှပ်စစ်ဥပဒေကြမ်းဟာ ကျွန်တော်တို့ နိုင်ငံအတွက် အထူးလိုအပ်နေတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ဒီဥပဒေဖြစ်မြောက်နိုင်ဖို့အတွက်လည်း သက်ဆိုင်ရာအတွင်းရေးမှူးတင်ပြသွားသလို လွှတ်တော်ပြင်ပမှာ (၁၅) ကြိမ်ထက် မနည်းဆွေးနွေး ဆုံးဖြတ်ပြီး ဥပဒေကြမ်းအဖြစ် ယခုလို တင်သွင်းလာခြင်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၁-၁-၂၀၁၄ ရက်(သောကြာနေ့) နောက်ဆုံးထားပြီး အမည် စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးသတ္တမနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်(အင်္ဂါနေ့) နေ့လယ် ၁၃း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် န၀မပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၀၅ နာရီအချိန်တွင်ရပ်နားပါသည်။]